# ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ကြေညာချက်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့

## နိုင်ငံတကာ အသိုင်းအဝိုင်းမှ နေပြည်တော်၏ ရှမ်းပြည်နယ်အတွင်း စစ်ရာဇဝတ်များ ကျူးလွန်နေခြင်းများနှင့် ပတ်သက်၍ တိတ်ဆိတ်၊ နှုတ်ပိတ်နေခြင်းများကို ရပ်တန့်ရမည်

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ ရှမ်းပြည်နယ်အလယ်ပိုင်းအတွင်း မြန်မာအစိုးရစစ်တပ်များ၏ စစ်ရာဇဝတ်မှုကျူးလွန်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းများမှ နှုတ်ဆိတ်နေခြင်းများအားရပ်တန့်ရန် အလေးအနက်အခိုင်အမာ တောင်းဆိုခြင်းအား ယနေ့ဘန်ကောက်မြို့တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။

အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများကို သိမ်းဆည်းနိုင်ရန် နောက်ဆုံးအကြီးစားထိုးစစ်ဆင်မှုများ ပြုလုပ်နေသည့်အတောအတွင်း နေပြည်တော်၏စစ်တပ်များမှ အရပ်သားပြည်သူလူထုများ ထူထပ်စွာနေထိုင်နေသည့် ဧရိယာများသို့ ဝေဟင်မှသော်လည်းကောင်း မြေပြင်မှသော်လည်းကောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်လျှက်ရှိသည်။ နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၂ ရက်နေ့များအတွင်း အရပ်သား ၆၀၀၀ ကျော်နေထိုင်နေသည့် မိုင်းနောင်မြို့နှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်နေကြရသော ရွာသူရွာသားပေါင်း ၁၅၀၀ ကျော်တို့နေထိုင်နေကြသည့် မိုင်းရှူးမြို့နယ်အတွင်းရှိ ဝမ်ဆော့ကျေးရွာ တို့ကို  တိုက်လေယာဉ်များနှင့် အမြောက်များဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့သည်။

ရွာသူရွာသားများအား သေနတ်နှင့်ပစ်ခတ်ခြင်းနှင့် မုဒိန်းကျင့်ခြင်းတို့အပါအဝင် တိုက်ခိုက်မှုများကြောင့် ကျေးသီး၊ မိုင်းရှူး နှင့် မိုင်းနောင်မြို့နယ်များမှ ပြည်သူလူထုပေါင်း ၁၀၀၀၀ ကျော်တို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အများစုမှာ ယာယီဆောက်လုပ်ထားသောစခန်းများတွင် တည်းခိုနေကြရပြီး ဒေသခံအသိုင်းအဝိုင်းတို့၏ အလှူများ၊ ထောက်ပံ့ကူညီမှုများကို မှီခိုနေကြရသည်။ ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအေဂျင်စီများ၏ ကူညီထောက်ပံ့မှုလက္ခဏာများကိုမူ အနည်းငယ်သာ ရရှိခဲ့သည်။

အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ခဲ့သောထိုးစစ်ဆင်မှုသည် မကြာသေးခင် နိုဝင်ဘာလမှ ကျင်းပခဲ့သည့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ကမ္ဘာတဝှမ်းမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် သတင်းထောက်များ မြန်မာနိုင်ငံအတွင်းရောက်ရှိနေကြသည့် အချိန်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော် သတင်းအစီရင်ခံမှုအများစုမှာ ရွေးကောက်ပွဲကြီး "ငြိမ်းချမ်းစွာ" ကျင်းပနိုင်ခဲ့ကြောင်းကိုသာ ချီးမွမ်းပြောဆိုခဲ့ကြပြီး မည်သည့်နိုင်ငံတကာအစိုးရကမျှ အစိုးရတပ်မတော်၏ ထိုးစစ်ဆင်မှုများနှင့် စစ်ရာဇဝတ်ကျူးလွန်နေမှုများအပေါ် စိတ်ပူပန်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိခဲ့ပေ။

နေပြည်တော်မှ တိုင်းရင်းသားလူမျိုးများအား အပြင်းအထန်အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် နိုင်ငံတကာ၏ တိတ်ဆိတ်နေမှုများသည် ပိုမိုကြီးမားလာသောစစ်အာဏာပိုင်များနှင့် ဆက်စပ်မှုရှိနေသည့် စီးပွားရေးနှင့်ဗျူဟာပိုင်းဆိုင်ရာ အကျိုး အမြတ်များကြောင့်ဖြစ်သည်ဟု ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ စိုးရိမ်ပူပန်မိသည်။

"နေပြည်တော်၏ နောက်ဆုံးထိုးစစ်ဆင်မှုများနှင့်အတူ စစ်ရာဇဝတ်မှုကျူးလွန်မှုများနှင့်ပတ်သက်၍ တိတ်ဆိတ်နေခြင်းသည် ထိုကဲ့သို့သောအကြမ်းဖက်နေမှုများကို မီးစိမ်းပြလိုက်သကဲ့သို့ပင်ဖြစ်သည်" ဟု လူ့အခွင့်အရေးတက်ကြွလှုပ်ရှား သူ နန်းချမ်တောင်းမှ ပြောဆိုသည်။

နေပြည်တော်၏တပ်မတော်မှ ဆက်လက်ဖြစ်ပွားနေသည့် ထိုးစစ်ဆင်မှုများနှင့် စစ်ရာဇဝတ်မှု ကျူးလွန်နေမှုများကို ဖေဖန်ရှုတ်ချရန်နှင့် တိုင်းရင်းသားနယ်မြေများအတွင်း စစ်အာဏာတိုးချဲ့နေမှုများနှင့်ထိုးစစ်ဆင်မှုများကို ချက်ချင်းရပ်တန့်မှသာ နိုင်ငံတကာမှနေပြည်တော်နှင့် ဆက်လက်ဆက်ဆံသွားရန် ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှ တခဲနက်တောင်းဆိုပါသည်။

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများထဲတွင် အမျိုးသမီး၊ လူငယ်၊ တောင်သူလယ်သမား၊ ရွှေ့ပြောင်းအလုပ်သမား၊ တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများနှင့် လူမှုရေးရာကူညီစောင့်ရှောက်ရေးအဖွဲ့များကို ကိုယ်စားပြုသည့် ရှမ်းပြည်နယ်အတွင်းနှင့်နယ်စပ်ဒေသတွင် လူ့အခွင့်အရေး၊ လူမှုရေးရာတရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လှုပ်ရှားဆောင်ရွက်နေသည့် အစုအဖွဲ့ပေါင်း ၃၈ ကျော်ဖြင့် ဖွဲ့စည်းထားသည်။

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများ


ဆက်သွယ်ရန်-

နန်းချမ်တောင်း + 66 876589551 (Shan+ English + Thai)
စိုင်းခေးဆိုင် + 66 816722031 (Shan+ English + Thai+ Burmese)
စိုင်းဟော်ဆိုင် + 66 629419600 (Shan + English)
ယိင်းဟာန်ဖ + 66 892627848 (Shan + Burmese)